# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 8 , 2023 Volume 69, Number 5

၈.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၈.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၀.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၃၁-၇-၂၀၂၃ မှ ၄-၈-၂၀၂၃)အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ် ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀ ၊ မုံရွာရှယ် ကျပ် ၂၂၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၂၀၀ ၊ မုံရွာလတ်သန့် ကျပ် ၂၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ ၊ မုံရွာရှယ် ကျပ် ၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၅၀ နှင့် မုံရွာလတ်သန့် ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၅ စီး (၇၅၀၀၀၀ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၀ စီး (၄၈၀၀၀၀ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီ ကားစီးရေ ၄၅ စီး (၂၇၀၀၀၀ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ် ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၂၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၇၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၄၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူဈေးများ ငြိမ်လျက်ရှိပါသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၈၀၀ (၈၄၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၄၀၀ (၇၂၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက်ကြက်သွန်ဖြူ အိတ်ရေ ၄၀၀ (၁၂၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: Domestic(Ygn)MITC**

## ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း မြန်မာ့ပုစွန် ပြည်ပတင်ပို့မှု လျော့ကျခဲ့

ယခုဘဏ္ဍာနှစ်ဖြစ်သည့် ဧပြီလမှ ဇူလိုင်လကုန်ထိ လေးလတာကာလအတွင်း ပြည်ပသို့ မြန်မာ့ပုစွန်တင်ပို့နိုင်မှုသည် ပြီးခဲ့သည့်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းကျော် လျော့ကျနေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



ယခုဘဏ္ဍာနှစ် လေးလအတွင်း ပြည်ပနိုင်ငံများသို့ မြန်မာ့ရေထွက်ကုန် ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန်ချိန် ၃၂၀၀ ကျော်သာ တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေအဖြစ် ကန်ဒေါ်လာ ၁၂ သန်းကျော်ရရှိထားကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူလေးလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန်ချိန် ၄၈၈၆ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ကန်ဒေါ်လာ ၁၈ သန်းကျော်ရရှိခဲ့ကာ ကာလတူနှိုင်းယှဉ်ပါက မက်ထရစ်တန်ချိန် ၁၆၇၄ တန်ကျော် လျော့နည်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ ဂျပန်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် နိုင်ငံ (၄၀) ကျော်ကို မြန်မာ့ရေထွက်ကုန် ပုစွန်များ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။ "၂ နာရီပဲ မီးလာတော့ စက်ရုံသမားတွေက ပစ္စည်းဝယ်ရင် ပုပ်ပြီး ပျက်စီးမှာကို ကြောက်ကြတာလည်းပါတယ်၊ မီးစက် ၂၂ နာရီပုံမှန်လည်ဖို့က သိပ်မလွယ်ဘူးလေ" ဟု ရေထွက်ကုန် တင်ပို့သူတစ်ဦးက ဆိုသည်။

**Source:** https://www.popularmyanmar.com/?p=124041

## ၂၀၂၃ ခုနှစ် (၆) လတာ ကာလအတွင်း ပြည်ပသို့ ကျွန်းသစ်တန်ချိန် (၄၈၀၀) ကျော်တင်ပို့ခဲ့



၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ (၆) လတာကာလအတွင်း ပြည်ပသို့ ကျွန်းသစ်တန်ချိန် ၄၈၂၈ ဒသမ ၃၄၄၀ တန်တင်ပို့ခဲ့ကြောင်း သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ဦးက နိုင်ငံပိုင်သတင်းဌာနမှတဆင့် ပြောကြားထားသည်။

မြန်မာ့ကျွန်းသစ်ကို အိန္ဒိယနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း (၂၅) နိုင်ငံသို့ ကုမ္ပဏီပေါင်း (၅၁) ခုက တင်ပို့နေခြင်းဖြစ်ကြောင်းလည်း ၎င်း၏ပြောကြားချက်အရ သိရသည်။

အဆိုပါတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၈ သန်းကျော်ရရှိထားပြီး ဘဏ္ဍာနှစ်ဖြင့်တွက်ပါက ဧပြီလ (၁) ရက်မှ ဇူလိုင်လ (၃၁) ရက်အထိ ကုမ္ပဏီပေါင်း (၄၁) ခုမှ နိုင်ငံပေါင်း (၂၀) သို့ ကွန်တိန်နာအလုံးရေ (၂၄၂) လုံး တန်ချိန် ၂၆၁၀ ဒသမ ၁၆၅၇ တန်တင်ပို့ထားပြီး ကန်ဒေါ် လာ ၈ ဒသမ ၁၃၇ သန်း ရရှိထားကြောင်းသိရသည်။

မြန်မာ့ကျွန်းသစ်သည် ဇိမ်ခံရွက်လှေများတည်ဆောက်ရာတွင် အဓိကအသုံးပြုနေရသော ပစ္စည်းတစ်ခုအဖြစ်ရှိနေပြီး ရွက်လှေတည်ဆောက်ရေးဈေးကွက်သို့ တင်ပို့မှုများရှိနေဆဲဖြစ်ကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=124052

## သုံးပတ်ဆက်တိုက် တက်လာတဲ့ဆန်ဈေး

အပတ်စဉ်ထိုးတက်လာတဲ့ဆန်ဈေးတွေဟာ ဒီတစ်ပတ်ဈေးကွက်အဖွင့်မှာလည်း ရပ်တန့်သွားသေးခြင်းမရှိဘဲ ဆက်တက်နေဆဲဖြစ်ပါတယ်။

ယနေ့ ဩဂုတ်လ ၇ ရက်နေ့ ရန်ကုန် ဝါးတန်းဈေးကွက်မှာ ဆန်(ဧည့်မထ)(သစ်) ကလွဲလို့ ကျန်ဆန်များ အကုန်ဈေးထပ်မံမြင့်တက်သွားခဲ့ပြီပဲဖြစ်ပါတယ်။ ဘယ်ဆန်အမျိုးအစားတွေ ဘယ်လောက်ဈေးအပြောင်းအလဲဖြစ်သွားလဲ ဆိုတာကိုတော့ အောက်ပါဇယားကွက်မှာ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ် -

| စဉ် | အမျိုးအစား | ဈေးကွက် | ရေတွက်ပုံ | ဈေးနှုန်း (ကျပ်) ၄.၈.၂၀၂၃ | ဈေးနှုန်း (ကျပ်) ၇.၈.၂၀၂၃ |
|---|---|---|---|---|---|
| ၁ | ဆန် (ဖျာပုံပေါ်ဆန်းမွေး)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၃၀၀၀ မှ ၉၅၀၀၀ | ၉၆၀၀၀ မှ ၁၀၀၀၀၀ |
| ၂ | ဆန်(ဒေးဒရဲပေါ်ဆန်းမွေး)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၃၀၀၀ မှ ၉၅၀၀၀ | ၉၅၀၀၀ မှ ၉၈၀၀၀ |
| ၃ | ဆန်(မြောင်းမြ၊ပုသိမ်ပေါ်ဆန်းမွေး)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၇၀၀၀ မှ ၁၀၀၀၀၀ | ၉၉၀၀၀ မှ ၁၀၂၀၀၀ |
| ၄ | ဆန်(ပေါ်ဆန်းနယ်စုံသစ်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၃၀၀၀ မှ ၉၅၀၀၀ | ၉၄၀၀၀ မှ ၉၇၀၀၀ |
| ၅ | ဆန်(ဧည့်မထ)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၆၅၀၀၀ မှ ၆၇၀၀၀ | ၆၅၀၀၀ မှ ၆၇၀၀၀ |
| ၆ | ဆန်(ငစိန်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၆၁၀၀၀ မှ ၆၅၀၀၀ | ၆၅၀၀၀ မှ ၆၇၀၀၀ |
| ၈ | ဆန်(ရွှေဘိုပေါ်ဆန်း(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၂၀၀၀၀ မှ ၁၃၀၀၀၀ | ၁၂၅၀၀၀ မှ ၁၃၅၀၀၀ |
| ၉ | ဆန်(ဧည့်မထ ၂၅%) (သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၅၈၀၀၀ မှ ၆၀၀၀၀ | ၆၂၀၀၀ မှ ၆၃၀၀၀ |
| ၁၀ | ဆန်(ရက် ၉၀ ရှယ်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၇၄၀၀၀ မှ ၇၈၀၀၀ | ၇၅၀၀၀ မှ ၈၀၀၀၀ |
| ၁၁ | ဆန်(သီးထပ်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၆၅၀၀၀ မှ ၆၆၀၀၀ | ၆၅၀၀၀ မှ ၆၇၀၀၀ |
| ၁၂ | ကြားပျံ့ရှယ်(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၇၀၀၀ မှ ၁၀၀၀၀၀ | ၁၀၀၀၀၀ မှ ၁၀၅၀၀၀ |
| ၁၃ | ပေါ်ဆန်းရှယ်(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၃၀၀၀ မှ ၉၆၀၀၀ | ၉၆၀၀၀ မှ ၉၈၀၀၀ |
| ၁၄ | တောင်ပျံ(ဖျာပုံ)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၅၀၀၀ မှ ၉၈၀၀၀ | ၁၁၀၀၀၀ မှ ၁၁၃၀၀၀ |
| ၁၅ | ပေါ်ကျွဲ(ဖျာပုံ)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၃၀၀၀ မှ ၈၇၀၀၀ | ၈၇၀၀၀ မှ ၉၀၀၀၀ |
| ၁၆ | တောင်ပျံ(မော်ကျွန်း)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၆၀၀၀ မှ ၉၇၀၀၀ | ၁၀၂၀၀၀ မှ ၁၀၄၀၀၀ |
| ၁၇ | ပေါ်ကျွဲ(မော်ကျွန်း) (သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၂၀၀၀ မှ ၈၅၀၀၀ | ၈၆၀၀၀ မှ ၈၇၅၀၀ |

ဆန်ဈေးနှုန်းတွေကတော့ အနိမ့်ဆုံး ကွာဟချက် ၁၀၀၀ ကျပ်ကနေ အမြင့်ဆုံး ၁၀,၀၀၀ ကျပ်အထိ တက်သွားခဲ့တာပဲဖြစ်ပါတယ်။

ကျပ် ၂၀၀၀၀ တန် ငွေစက္ကူသစ်ထွက်မယ်ဆိုတဲ့ ဗဟိုဘဏ်ကြေညာချက်ထွက်အပြီး နောက်တစ်နေ့ ဇူလိုင် ၂၄ မှာ ရန်ကုန်၊ ဝါးတန်းဆန်ဈေးကွက်မှာ ဆန်အမျိုးအစားအားလုံးနီးပါး ဈေးတက်ခဲ့သလို ထွက်တဲ့ရက် ဇူလိုင် ၃၁ ရက်မှာလည်း ဆန်ဈေးတွေ ထပ်မံမြင့်တက်ခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအဖွဲ့ချုပ်၊ ညီနောင်အသင်းအဖွဲ့များ၊ ဆန်စပါးပို့ကုန်ကုမ္ပဏီများ၊ ဆန်စက်များ၊ ဆန်ကုန်သည်များစတဲ့အဖွဲ့တွေ စုပေါင်းပြီး ဆန်အမျိုးအစားတချို့ကို အနည်းငယ်သက်သာသောဈေးနှုန်းနဲ့ ဒီနေ့ကစရောင်းပေးမယ်လို့ ထုတ်ပြန်ထားတာရှိပါတယ်။ ဒါပေမဲ့ ဆန်ဈေးတွေကတော့ အတက်မရပ်ဘဲ ဆက်တက်နေဆဲဖြစ်ပါတယ်။

**Source: (AMIA)**

https://greenwaymyanmar.com/posts/rice_market_price_aug_7

## အိန္ဒိယနိုင်ငံတွင် ခရမ်းချဉ်သီးဈေးနှုန်းသည် မကြာမီ ၁ ကီလိုဂရမ်လျှင် ၃၀၀ ရူပီး(၁၀၀၀၀ ကျပ်)ခန့်ထိ မြင့်တက်လာဖွယ်ရှိ

မိုးဖိုချောင်သုံးအဓိကသီးနှံဖြစ်သည့် ခရမ်းချဉ်သီးသည် မကြာမီတွင် ၁ ကီလိုဂရမ်လျှင် ၃၀၀ ရူပီးခန့်ထိ မြင့်တက်လာနိုင်သည်ဟု လက်ကားကုန်သည်များထံမှ သိရှိရပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်ရောင်းချရေး ကော်မတီ(Agricultural Produce Marketing Committee – APMC) အဖွဲ့ဝင် Kaushik က PTI သတင်းဌာနသို့ ပြောကြားချက်များအရ ခရမ်းချဉ်သီးဈေးနှုန်းမှာ လက်ကားဈေးတွင် တစ်ကီလိုလျှင် ၁၆၀ ရူပီးမှ ၂၂၀ ရူပီးအထိ ဈေးတက်ခဲ့ကြောင်းနှင့် Mother Dairy သည် ၎င်း၏ Safal လက်လီစတိုးဆိုင်များတွင် ဗုဒ္ဓဟူးနေ့က ခရမ်းချဉ်သီးကို တစ်ကီလိုဂရမ်လျှင် ၂၅၉ ရူပီးဖြင့် စတင်ရောင်းချခဲ့သည်ဟု သိရှိရကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အဓိကစိုက်ပျိုးသောဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရောင်းလိုအားပြတ်တောက်မှုများ ဖြစ်ပေါ်နေပြီး ခရမ်းချဉ်သီးဈေးနှုန်းများ ဖိအားများရင်ဆိုင်နေရသည်မှာ တစ်လကျော်ရှိပြီဖြစ်ကြောင်း၊ Himachal Pradesh ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုများကြောင့် ဟင်းသီးဟင်းရွက်သယ်ယူပို့ဆောင်ရေးမှာ အခက်အခဲများကြုံနေရပါကြောင်း၊ တောင်သူများထံမှ ဟင်းသီးဟင်းရွက်တင်ပို့ရာတွင် ပုံမှန်ထက် ၆ နာရီမှ ၈ နာရီပိုကြာမြင့်သဖြင့် ခရမ်းချဉ်သီးဈေးမှာ ၁ ကီလိုဂရမ်လျှင် ၃၀၀ ရူပီးခန့်အထိ ရောက်ရှိလာနိုင်သည်ဟု နယူးဒေလီမြို့ရှိ Azadpur Mandi ဟင်းသီးဟင်းရွက်လက်ကားဈေးမှ ကုန်သည်တစ်ဦးဖြစ်သူ Sanjai Bhagat က PTI သတင်းဌာနသို့ ပြောကြားထားကြောင်းလည်း သိရှိရပါသည်။

ဇူလိုင်လ ၁၄ ရက်မှစတင်ပြီး အစိုးရမှ ထောက်ပံ့သည့်နှုန်းများဖြင့် ခရမ်းချဉ်သီးကို ရောင်းချစေခြင်းဖြင့် ဈေးနှုန်းတည်ငြိမ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့သော်လည်း ဈေးကွက်အတွင်း ခရမ်းချဉ်သီး ရှားပါးလာမှုကြောင့် ဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ APMC အဖွဲ့ဝင် Anil Malhotra ၏ ပြောကြားချက်များအရ ခရမ်းချဉ်သီးဈေးကွက်ဝင်ရောက်မှုနှင့် ဝယ်လိုအားနှစ်ခုလုံးသည် ဈေးကွက်တွင်နည်းပါးနေပြီး ရောင်းချသူများမှာ အခက်အခဲများစွာနှင့်ရင်ဆိုင်နေရကြောင်း၊ ဟင်းသီးဟင်းရွက်တင်ပို့မှုနောက်ကျခြင်း၊ အရည်အသွေးကျဆင်းခြင်း စသည့် အခက်အခဲများနှင့်လည်း ကြုံတွေ့နေရပါကြောင်း၊ ထို့အပြင် စားသုံးသူများသည် ဈေးနှုန်းကြီးမြင့်မှုကြောင့် ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်ကဲ့သို့သော ဟင်းသီးဟင်းရွက်ဝယ်ယူမှုများ ကျဆင်းလျက်ရှိသည်ဟု သိရှိရပါသည်။

စားသုံးသူရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ ဗုဒ္ဓဟူးနေ့တွင် ခရမ်းချဉ်သီးလက်လီဈေးသည် တစ်ကီလိုလျှင် ၂၀၃ ရူပီးသာရှိသော် လည်း Mother Dairy ၏ Safal လက်လီဆိုင်များတွင်မူ ဈေးနှုန်းမှာ တစ်ကီလိုလျှင် ၂၅၉ ရူပီးဖြင့် ရောင်းချလျက်ရှိကြောင်းနှင့် အာရှ၏အကြီးဆုံးသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ဈေးကြီးဖြစ်သည့် Azadpur mandi တွင် ခရမ်းချဉ်သီးလက်ကားဈေးသည် အရည်အသွေးပေါ်မူတည်၍ တစ်ကီလိုလျှင် ရူပီး ၁၇၀ မှ ၂၂၀ အထိဖြစ်ပေါ်လျက်ရှိကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၏ ခရမ်းချဉ်သီးဈေးနှုန်းသည် မတ်လနှင့် ဧပြီလတို့တွင် ၁ ကီလိုဂရမ်လျှင် ၃၀ ရူပီးခန့်သာရှိရာမှ အချိန်အခါ မဟုတ်မိုးရွာသွန်းမှုများကြောင့် အထွက်နှုန်းလျော့နည်းခြင်းနှင့် ယခုမိုးရာသီစိုက်ပျိုးချိန်တွင်လည်း ရာသီဥတုဖောက်ပြန်မှုများနှင့် ထောက်ပံ့ပို့ဆောင်မှုအခက်အခဲများကြောင့် ဈေးနှုန်းမှာ အရှိန်အဟုန်ဖြင့် မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် ထောက်ပံ့မှုများဆောင်ရွက်ပေးသကဲ့သို့ ဈေးကွက်အတွင်း ပုပ်သိုးလွယ်သည့်အသီးအနှံများ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် အရည်အသွေးထိန်းသိမ်းနိုင်ရန်အတွက် အအေးခန်း သိုလှောင်ရုံများ ပိုမိုတိုးချဲ့နိုင်ရေးနှင့် သယ်ယူပို့ဆောင်ရာတွင်လည်း အအေးခန်းကုန်သေတ္တာများဖြင့် ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မမျှော်မှန်းနိုင်သော ရာသီဥတုဖောက်ပြန်မှုများနှင့် ကြုံတွေ့လာရပါက အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး၊ ယင်းကုန်စည်များ၏ အရည်အသွေး ထိန်းသိမ်းနိုင်ရေး၊ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေးနှင့် ကြာရှည်သိုလှောင်နိုင်ရေးတို့အတွက် နည်းလမ်းများရှာဖွေ၍ ရေရှည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

Source: Get ready to pay Rs 300 per kilogram for tomato, soon, The Economic Times, 2 August 2023.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

https://myantrade.gov.mm/article/STP(Ygn)%2007082023%2013:47

## အာရပ်စော်ဘွားများပြည်ထောင်စုမှ ဆန်တင်ပို့မှုနှင့် ပြန်လည်တင်ပို့မှုကို ယာယီပိတ်ပင်ထား

ပြည်ပသို့ ဆန်တင်ပို့မှုနှင့် ပြန်လည်တင်ပို့မှုကို လေးလကြာယာယီပိတ်ပင်ထားမည်ဖြစ်ကြောင်း ယူအေအီးနိုင်ငံ စီးပွားရေး ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် သောကြာနေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပြည်တွင်းဈေးကွက်တွင် ဆန်အလုံအလောက်ရရှိရေး သေချာစေရန်အတွက် ယခုကဲ့သို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ဤဆုံးဖြတ်ချက်သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နောက်ပိုင်းတွင် လွတ်လပ်သောဇုန်များအပါအဝင် ယူအေအီးသို့တင်သွင်းခဲ့သည့် အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့ ခြင်းနှင့် ပြန်လည်တင်ပို့ခြင်းကို တားမြစ်ထားပါသည်။ ၎င်းတားမြစ်ချက်တွင် အထွေထွေပြည်ပ အကောက်ခွန် (၁၀၀၆) (Common External Tariff)(1006)၏ ဟန်ချက်ညီညီစနစ်ကုဒ်များ(Harmonized System Codes)အောက်ရှိ ဖော်ပြပါ ဆန်အမျိုးအစားအားလုံးတို့ပါဝင်ပါသည်။ ၎င်းတို့မှာ-အခွံချွတ်ထားသောဆန်(ဆန်လုံးဖြူ) (Husked rice (white rice)) ၊ အခွံချွတ်ထားသောဆန်(ဆန်လုံးညို) (Husked rice (brown rice))၊ သန့်စင်ပြီးဆန်(Parboiled rice, whether polished or glazed)၊ ဆန်ကွဲ(Broken rice) စသည်တို့ဖြစ်ကြပါသည်။

အဆိုပါဆန်အမျိုးအစားများကို ပြည်ပသို့တင်ပို့ရောင်းချလိုသည့် ကုမ္ပဏီများအနေဖြင့် နိုင်ငံပြင်ပသို့ တင်ပို့ရန်အတွက် စီးပွားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာတွင်တင်ပို့မည့် တင်ပို့ခြင်းဆိုင်ရာအချက်အလက်၊ မူရင်းဒေသ၊ အရောင်းအဝယ်ပြုလုပ်သည့်ရက်စွဲနှင့် ဝန်ကြီးဌာနမှ အတည်ပြုရန် အထောက်အကူဖြစ်စေမည့် စာရွက်စာတမ်းများ၊ အခြား လိုအပ်ချက်များနှင့် လက်မှတ်များအားလုံးကို ပံ့ပိုးပေးရမည်ဖြစ်ကြောင်း စီးပွားရေးဝန်ကြီးဌာနက ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံမှမဟုတ်သည့် ဆန်ပို့ကုန်အမျိုးအစားများကိုလည်း ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြန်လည်တင်ပို့လိုသည့် ကုမ္ပဏီများသည် နိုင်ငံပြင်ပသို့ဆန်တင်ပို့ခွင့်ပြုရန်အတွက် စီးပွားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာကို နိုင်ငံပြင်ပသို့တင်ပို့မည့် ဆန်တင်ပို့မှု၏ မူရင်းဒေသကို စိစစ်ထောက်ခံသည့် စာရွက်စာတမ်းများနှင့် လက်မှတ်များ အားလုံး ပါရှိရမည်ဖြစ်ပါသည်။ ကုမ္ပဏီများထံသို့ထုတ်ပေးမည့် ဆန်ပို့ကုန်များအတွက် ပို့ကုန်ပါမစ်သည် ထုတ်ပေးသည့်နေ့မှ ရက်ပေါင်း ၃၀ သက်တမ်းရှိမည်ဖြစ်ပြီး ပြင်ပသို့တင်ပို့သည့် အကောက်ခွန်ဆိုင်ရာလုပ်ငန်းစဉ်များ ပြီးမြောက်စေရန် သက်ဆိုင်ရာ

အကောက်ခွန်ဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

လျှောက်လွှာများကို e.economy@antidumping အီးမေးလ်လိပ်စာမှတစ်ဆင့် အီလက်ထရွန်နစ်စနစ်ဖြင့်လည်းကောင်း၊ စီးပွားရေးဝန်ကြီးဌာန၏ ရုံးချုပ်သို့တိုက်ရိုက်ပေးပို့ခြင်းဖြင့်လည်းကောင်း လျှောက်ထားရမည်ဖြစ်ပါသည်။ ပယ်ဖျက်ရန်အတွက် မတင်ပြပါက ဆုံးဖြတ်ချက်ကို အလိုအလျောက်ပြန်လည်သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း စီးပွားရေးဝန်ကြီးဌာနက ဖော်ပြထားပါသည်။

**Source: emirates247.com**

https://myantrade.gov.mm/article/STP(Ygn)%2007082023%2011:40

## EWEC Danang 2023 တွင် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်း ၁၅၀ ကျော်မှ ပါဝင်ပြသ

အာဆီယံနိုင်ငံများ၊ နိုင်ငံတကာမိတ်ဖက်နိုင်ငံများနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဖလှယ်ရေးစသည်တို့ တိုးမြှင့်ရန်ရည်ရွယ်ချက်ဖြင့် အရှေ့-အနောက်စီးပွားရေးစင်္ကြံ (EWEC 2023) ကို ဗီယက်နမ်နိုင်ငံ၊ ဒါနန်းကမ်းခြေမြို့တွင် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ မှ ၈ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်း ၁၅၀ ကျော်မှ ပြခန်းပေါင်း ၃၀၀ ကျော်တွင် လျှပ်စစ်ပစ္စည်းများ၊ နည်းပညာပိုင်းဆိုင်ရာပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ လက်မှုနှင့်လူသုံးကုန်ပစ္စည်းများကို ပြသထားမည်ဖြစ်ပါသည်။

EWEC 2023 ပွဲတွင် Attapue ၊ Champasaki ၊ Savannakhet(လာအို)၊ Uiwang City(တောင်ကိုရီးယား)၊ တရုတ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကနေဒါ၊ ဟန်ဂေရီနှင့်ထိုင်းစသည့်နိုင်ငံများမှ နိုင်ငံတကာအဖွဲ့အစည်း ၉ ခု ကိုယ်စားပြုသည့် ပြခန်း ၂၇ ခု ပါဝင်ပြသမည်ဖြစ်သည်။

အဆိုပါ ဖြေက်တာကျင်းပမည့် အခမ်းအနားတွင် 2023 Danang Business Networking and Export Promotion Conference၊ CPTPP သဘောတူညီချက်အရ ကနေဒါနှင့် စီးပွားရေးအခွင့်အလမ်းများ တိုးချဲ့ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတို့ပါ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာထုတ်ကုန်များကိုပြသရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရန် အခြားသော လှုပ်ရှားမှုများလည်း ပါဝင်မည်ဖြစ်သည်။

ဒါနန်းပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr Tran Chi Cuong က ယခုနှစ်နိုင်ငံတကာပြပွဲသည် အရှေ့-အနောက်စီးပွားရေးစင်္ကြံအတွင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုမြှင့်တင်ရန် ရည်ရွယ်ပါကြောင်း၊ Danang သည် အရှေ့တောင်အာရှနိုင်ငံများနှင့် ကမ္ဘာနှင့်ကုန်သွယ်မှုကိုချဲ့ထွင်ရာတွင် အဓိကကျပါကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ဝန်ဆောင်မှုကဏ္ဍသည် မြို့တော်၏ စီးပွားရေးတိုးတက်မှုအတွက် အရေးပါသောတွန်းအားတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါကြောင်း ဖော်ပြထားပါသည်။

EWEC Danang Fair ကို ၂၀၀၇ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ပြီး အရှေ့-အနောက်စီးပွားရေးစင်္ကြံတစ်လျှောက်ရှိနိုင်ငံများ၊ အလယ်ပိုင်းနှင့်အလယ်ပိုင်းကုန်းမြင့်ဒေသများရှိ မြို့ကြီးများ၊ မဲခေါင်ဒေသခွဲတို့၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းအလားအလာများကို မြှင့်တင်ရန်ရည်ရွယ်ပါကြောင်း ဖော်ပြထားပါသည်။

**Source : Hanoi Times**

**(စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_080820231020

## အိန္ဒိယဆန်ပို့ကုန်ပိတ်ပင်မှု ထိုင်းအကျိုးအမြတ်ရယူ

ထိုင်းနိုင်ငံသည် အိန္ဒိယ၏ ဆန်တင်ပို့မှုပိတ်ပင်မှုမှ အကျိုးအမြတ်ရရှိနေပြီး ပို့ကုန်နှင့်ပြည်တွင်းစားသုံးမှုအတွက် အလုံအလောက်ထွက်ရှိသောကြောင့် ဆန်တင်ပို့မှုကိုရပ်တန့်ရန် အကြောင်းမရှိဟု ထိုင်းကုန်သွယ်ရေးဝန်ကြီး Jurin Laksanawisit က တနင်္လာနေ့(ဩဂုတ်၇)တွင် ပြောကြားသည်။




အိန္ဒိယမှ တားမြစ်ချက်သည် ထိုင်းဆန်ထုတ်လုပ်သူများအတွက် အခွင့်အလမ်းတစ်ခုဖြစ်သည်ဟု ဝန်ကြီး Jurin Laksanawisit က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အထူးသဖြင့် အိန္ဒိယမှ ဆန်အမြောက်အမြားစားသုံးသည့် အာဖရိကတိုက်ရှိ နိုင်ငံများသို့ ထိုင်းဆန်ရောင်းချရန် အခွင့်အလမ်းရှိမည်ဖြစ်သည်။ "အိန္ဒိယရဲ့ ဆန်ပို့ကုန်ပိတ်ပင်မှုလို ကမ္ဘာ့ဆန်ဈေးကွက်မှာ ပမာဏလျော့နည်းလာတာနဲ့အမျှ ကမ္ဘာ့ဆန်ဈေးတွေတက်လာတယ်။ လယ်သမားတွေက စပါးကိုဈေးပိုမြင့်ပြီး ရောင်းနိုင်စေတယ်"ဟု ၎င်းကပြောကြားသည်။ သို့သော် ကမ္ဘာ့ဈေးနှုန်းများ မတည်ငြိမ်သဖြင့် အစိုးရက အခြေအနေကို အနီးကပ်စောင့်ကြည့်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့သည့် ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ဆန်မက်ထရစ်တန် ၈ သန်းကျော် တင်ပို့နိုင်ဖွယ်ရှိကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Charoen Laothamatas က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယခုနှစ် ပထမခုနစ်လအတွင်း ထိုင်းနိုင်ငံသည် မက်ထရစ်တန်ချိန် ၄ ဒသမ ၈ သန်း တင်ပို့ခဲ့သည်။ လစဉ် တန်ချိန် ၇၀၀,၀၀၀ မှ ၈၀၀,၀၀၀ အထိ တင်ပို့ခဲ့သည်။ ယမန်နှစ်က တန်ချိန် ၇.၇၁ သန်းတင်ပို့ခဲ့သည်။ "ကမ္ဘာ့ဆန်ဈေးကွက်က အရမ်းလှုပ်နေတယ်။ ဈေးကွက်တိုင်းမှာ ဈေးကစားတာရှိနေလို့ လှုပ်နေတာဖြစ်ပါတယ်။ လက်ထဲဆန်လက်ကျန်မရှိတဲ့ နိုင်ငံများအပေါ် သက်ရောက်မှုရှိနေပါတယ်"ဟု ၎င်းကပြောကြားသည်။

အိန္ဒိယက ပိတ်ပင်လိုက်ပြီးနောက် ထိုင်းဆန်ဈေးသည် ၂၀ ရာခိုင်နှုန်း တက်လာနိုင်သည်ဟု Charoen က ပြောကြားသည်။ အခြေအနေ အနည်ထိုင်အောင် စောင့်ဆိုင်းနေရချိန်တွင် ပို့ကုန်လုပ်ငန်းရှင်များသည် ဈေးခေါ်ရန် တွန့်ဆုတ်နေခဲ့သည်။ တင်ပို့မှုကို အချိန်အတိုင်းအတာတစ်ခုအထိ ရပ်ဆိုင်းသွားဖွယ်ရှိသည်ဟု ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားသည်။ "အစိုးရက ပြည်တွင်းဆန်ဈေးတွေ အရမ်းမတက်တာ သေချာစေမယ်"ဟု ဝန်ကြီး Jurin က ပြောကြားသည်။ "ဆန်တင်ပို့မှု ပုံမှန်ဖြစ်တာကြောင့် ပြည်တွင်းစားသုံးမှု မထိခိုက်သေးပေမဲ့ စပါးဈေးက မြင့်လာနေတော့ ဆန်ဈေးကို သင့်လျော်တဲ့ရေချိန်မှာ ရှိနေအောင်ထိန်းထားရမယ်"ဟု Jurin က ပြောသည်။ စပါးဈေးသည် မက်ထရစ်တစ်တန်လျှင် ဘတ် ၁၂,၀၀၀ (ဒေါ်လာ ၃၄၄.၄၃) ပေါက်ဈေးရှိသည်ဟု ၎င်းကပြောကြားသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6631-thai-rice.html

## တစ်ရက်ကိုတန်ချိန် ၂၀ ထွက်မယ့် စားအုန်းဆီစက်ရုံ တနင်္သာရီတိုင်းအတွင်း တည်ဆောက်မယ်




တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာတစ်ရက်ကို စားအုန်းဆီတန်ချိန် ၂၀ ထွက်ရှိမယ့် စက်ရုံကိုလာမယ့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်မှာ တည်ဆောက်သွားမယ်လို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရပါတယ်။

ယင်းစက်ရုံကို တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပြီး လုပ်ဆောင်သွားမှာဖြစ်သလို တနင်္သာရီတိုင်းအတွင်း ဆီအုန်းစိုက်ဧက လေးသိန်းကျော် ရှိပြီး ဆီကြိမ်းအများအပြားရှိပေမယ့် ဆီချောစက်ရုံမရှိလို့ ဒေသတွင်းဆီဖူလုံမှုဟာ သုညဒသမ ၂၅ ရာခိုင်နှုန်းသာရှိတယ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးက ဆိုထားပါတယ်။

အဆိုပါ စားအုန်းဆီစက်ရုံ တည်ဆောက်နိုင်ဖို့အတွက် တရုတ်နိုင်ငံရှိ ဆီစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး တစ်ရက်ကိုဆီတန်ချိန် ၁၀ တန် ထွက်ရှိမယ့်စက်ရုံ တည်ဆောက်ဖို့ရည်ရွယ်ခဲ့တယ်လို့ သိရပါတယ်။


သို့ပေမယ့် စက်ရုံတည်ဆောက်ရာမှာ ကုန်ကျစရိတ်ကွာဟမှုနည်းပါးတဲ့အတွက် ၁၀ တန်အစားတန်ချိန် ၂၀၊ ပိဿာချိန် အားဖြင့် ၁၂,၀၀၀ ထွက်ရှိမယ့်စားအုန်းဆီစက်ရုံ တည်ဆောက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ပြည်တွင်းမှာနှစ်စဉ် စားသုံးဖို့နဲ့ လုပ်ငန်းသုံးဖို့အတွက် စားအုန်းဆီလိုအပ်ချက် တန်ချိန်က ၁ ဒသမ ၁ သန်းရှိပြီး ဆီလိုအပ်ချက်ရဲ့ ၆၀ ရာခိုင်နှုန်းဖြစ်တဲ့ တန်ချိန် ၈ သိန်းခန့်ကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရပြီး လက်ရှိ နိုင်ငံခြားငွေလဲနှုန်း အပြောင်းအလဲကြောင့် စားအုန်းဆီလက်လီဈေးတွေဟာ အစိုးရရည်ညွှန်းဈေးထက် နှစ်ဆနီးပါးမြင့်တက်နေဆဲဖြစ်ပါတယ်။

Source: https://t.me/htwettoe

**MFN မှ ကူးယူဖော်ပြပါသည်။**

## STOCK EXCHANGE (8.8.2023)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data


As of 8th Aug. 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 158,539 (Shares) | 268,115,400 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,800 | 8,800 | 8,600 | 160 | 1,388,000 | 33,109,694 | 291,365 |
| MTSH | 00002 | 3,050 | +100 | +3.39% | 2,950 | 3,050 | 2,900 | 6,087 | 18,235,750 | 38,929,150 | 118,734 |
| MCB | 00003 | 7,500 | +200 | +2.74% | 7,500 | 7,500 | 7,500 | 6 | 45,000 | 10,400,986 | 78,007 |
| FPB | 00004 | 1,650 | +100 | +6.45% | 1,600 | 1,650 | 1,600 | 12,627 | 20,293,900 | 29,664,613 | 48,947 |
| TMH | 00005 | 2,450 | +100 | +4.26% | 2,450 | 2,450 | 2,450 | 6 | 14,700 | 12,823,224 | 31,417 |
| EFR | 00006 | 2,400 | +50 | +2.13% | 2,350 | 2,400 | 2,300 | 1,429 | 3,309,350 | 19,977,223 | 47,945 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 1 | 5,000 | 10,497,598 | 52,488 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 1,223 | 2,323,700 | 23,804,946 | 45,229 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 8th Aug. 2023

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.61 | +7.70 | +2.08% | 375.23 | 378.61 | 372.75 | 21,539 | 45,615,400 | 8 | 714,132 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 158,539 (Shares) | 268,115,400 (MMK) |

### Main Board

As of 1:00 pm, 8th Aug. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 158,539 (Shares) | 268,115,400 (MMK) |

| MYANPIX | 378.61 ▲ 7.70 |
|---|---|
| Total Volume (shares) | 21,539 |
| Total Value (MMK) | 46 mil |
| Listed Company | 8 |
| Market Cap. (MMK) | 714,132 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 3,050 | ▲ 100 |
| MCB | 00003 | 7,500 | ▲ 200 |
| FPB | 00004 | 1,650 | ▲ 100 |
| TMH | 00005 | 2,450 | ▲ 100 |
| EFR | 00006 | 2,400 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |

TIR